# ကွင်းဆင်းသုတေသနပြုလုပ်စဉ် လိုက်နာရမည့် ကျင့်ဝတ်နှင့် လုံခြုံရေး

# အဘယ်ကြောင့် ကျင့်ဝတ်နှင့် လုံခြုံရေးသည် အရေးကြီးသနည်း။

- လူ့အခွင့်အရေးနှင့်ပတ်သက်၍ မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း သည် ၎င်းတို့အပေါ် ကုစားရန် အကြံဉာဏ်များပေးခြင်းနှင့် ချိုးဖောက်မှုများကို ထုတ်ဖော်ခြင်းဖြစ်သည်။ အထူးသဖြင့် သင်ကူညီရန် ကြိုးစားနေသူများကို အန္တရာယ်မကျရောက်စေသင့်ပေ။

- လုံခြုံရေးအမျိုးအစားအမျိုးမျိုးရှိကြသည် ၎င်းတို့မှာ သင်အင်တာဗျူး လုပ်ခဲ့သူများ၏ လုံခြုံရေး၊ သင်၏လုံခြုံရေးနှင့် သင်စုဆောင်းမှတ်တမ်းတင်ထားသော သတင်း အချက်အလက်များ၏ လုံခြုံရေးတို့ဖြစ်သည်။

# "အန္တရာယ်မဖြစ်စေရ" စည်းမျဉ်းသဘောတရား

- အင်တာဗျူးခံမည့်သူများအား ထိခိုက်ဒဏ်ရာ (သို့မဟုတ်) ပြင်းထန်သော အန္တရာယ်ဖြစ်စေနိုင်သည့် အခြေအနေမျိုးတွင် သုတေသနမလုပ်ရ။

- အင်တာဗျူးမပြုလုပ်မီ ဒေသခံ အဆက်အသွယ်များနှင့်အတူ လုံခြုံရေးအရ ခြိမ်းခြောက်ခံရနိုင်သည့် အန္တရာယ်များ၊ တခြားသော လူမှုအမှုအသိုင်းအဝိုင်းများကြား သဘောထားကွဲလွဲမှုနှင့် နာမည်ပျက်အရှက်ရစေနိုင်သည့် အန္တရာယ်များအား ကြိုတင်ဆွေးနွေးရန်မှာ အရေးကြီးသည်။

- တစ်ဦးချင်းစီက သိရှိနားလည်၍ စွန့်စားမှု (risk) ယူရန် ပြင်ဆင်ဆုံးဖြတ်ချက် ချထားမှုကို လေးစားရန်အရေးကြီးသည်။

- ၎င်းတို့အား အန္တရာယ်ထဲမကျရောက်စေရန် သင့်တော်သော လုပ်ငန်းအဆင့်ဆင့်ကို သေချာအောင် လုပ်ဆောင်ရန်ရေးကြီးသည်။ အန္တရာယ်မကျရောက်စေရန် အမည်လွှဲပြောင်းသုံးစွဲခြင်းနှင့် သင့်တော်သော နောက်ဆက်တွဲအစီအစဉ်များကို လုပ်ဆောင်နိုင်သည်။

- လူမှုအသိုင်းအဝိုင်း(community) ၏  သဘောထားကွဲလွဲမှု ဥပမာမှာ- အစိုးရ (သို့မဟုတ်) အာဏာပိုင်များမှာ အုပ်စုတစ်စုအား ဦးစားပေးခြင်း (သို့မဟုတ်) တခြား လူမှုအသိုင်း အဝိုင်းထက်ပင် ၎င်းတို့အား အထူးဂရုပြု ခြင်းတို့ဖြစ်သည်။ ဥပမာ-အမျိုးသားများမှာ အမျိုးသမီးများထက် အထူးဂရုပြုခံရခြင်း နှင့် လေ့စားမှု ခံရခြင်း၊ လူမှုအသိုင်းအဝိုင်းထဲမှ လူမျိုးတစ်မျိုး (သို့မဟုတ်) ဘာသာတစ်ခုအား တခြားသော လူမျိုး၊ ဘာသာထက် အခွင့်အရေးများပေးခြင်းတို့ဖြစ်သည်။

# ကြိုတင်သဘောတူညီမှုရယူခြင်းနှင့် လျှို့ဝှက်ချက်

## လျှို့ဝှက်ချက် (confidentiality)

- အင်တာဗျူးရာတွင် ပါဝင်သူများက သူတို့၏အချက်အလက်များကို ဖွင့်ချရန် သဘောတူဆန္ဒပြုခြင်းမရှိပါက ၎င်းတို့၏ အချက်အလက်အားလုံးကို မပေါက်ကြားစေရန် လုံခြုံစွာ လျှို့ဝှက် သိမ်းဆည်းထားရမည်။ လုံခြုံရေးနှင့် ဆက်စပ်သည့် မည်သည့်ကိစ္စမဆို ဆွေးနွေးပြီးမှသာလျှင်လုပ်ဆောင်သင့်သည်။

## ကြိုတင်သဘောတူညီမှုရယူခြင်း

- ၎င်းတို့၏ သတင်းအချက်အလက်များအား မည့်သို့ကဲ့သို့ ဖြန့်ဝေမည်နှင့် ရည်ရွယ်ချက်များကို ထိုသူတို့အား နားလည်အောင် ပြည့်စုံစွာရှင်းပြရန် အရေးကြီးသည်။

- ကြိုတင်သဘောတူညီမှုရယူခြင်းသည် ၎င်းတို့၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်များနှင့် အမြင်များကိုဖော်ပြရန် ခွင့်ပြုထားသည့် စဉ်ဆက်မပြတ်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်ဖြစ်သင့်သည်။

# လေးစားမှုနှင့် ခွဲခြားဆက်ဆံမှု ကင်းခြင်း

## လေးစားမှု-ဂုဏ်သိက္ခာ-လုပ်ပိုင်ခွင့်-ပုဂ္ဂိုလ်ရေး လွတ်လပ်ခွင့်

- ပုဂ္ဂိုလ် တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေး လွတ်လပ်ခွင့်အား လေးစားရန် အရေးကြီးသည်။ ၎င်းတို့သည် ကိုယ်ပိုင် အနာဂတ်အား ရွေးချယ်ခွင့် အခွင့်အရေးရှိသော လုပ်ပိုင်ခွင့် ရှိသူများဖြစ်သည်။

- အင်တာဗျူးရာတွင် ပါဝင်သူများ၏ ဒေသအလုပ်ချိန်နှင့် ဘာသာရေးအချိန်များအပါအဝင် ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများကို လေးစားသင့်သည်။

## တရားမျှတမှုနှင့် ခွဲခြားဆက်ဆံမှုကင်းခြင်း

- သုတေသနပုံစံနှင့် ရွေးချယ်မှု နည်းလမ်းမျိုးစုံကို အသုံးပြု၍ မတူကွဲပြားသော အုပ်စုများထဲမှ ခွဲခြားဆက်ဆံမှုခံနေရသောသူများ၏ အသံများလည်း ပါဝင်ရန်အရေးကြီးသည်။

# ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု၊ ပြောင်းလွယ်ပြင်လွယ်ရှိမှု (flexibility)

**ပွင့်လင်းမြင်သာမှု၊ ရိုးသားဖြောင့်မတ်မှု**

- လူသားဆန်ရန်(humanity)၊ ပွင့်လင်းမြင်သာရန် နှင့် ရိုးသားဖြောင့်မတ်စွာပြုမူရန် အရေးကြီးသည်။

- သင်မလုပ်နိုင်သည်များကို ကတိကဝတ်များ မပြုလုပ်မိစေရန်အရေးကြီးသည်။ ဥပမာ- (မဖြေရှင်းနိုင်သော ပြဿနာများအား ဖြေရှင်းနိုင်သည်ဟု) ပြောဆိုခြင်း။

**တာဝန်ခံမှုနှင့် အသုံးချမှုမရှိခြင်း**

- ကွင်းဆင်းသုတေသနလုပ်ငန်းတွင် ပါဝင်ပတ်သက်သူများသည် ၎င်းတို့၏ စိတ်ဆန္ဒအရ ပါဝင်သူများသာဖြစ်သင့်သည်။ ၎င်းတို့၏ ပုံရိပ်များ၊ သဘောထားထုတ်ပြန်ချက်များ၊ သက်သေခံထွက်ဆိုချက်များနှင့် ဘဝဇာတ်ကြောင်း(သို့မဟုတ်) ကိုးကားချက်များကဲ့သို့သော အချိန်နှင့် ဉာဏ်ရည်ဉာဏ်သွေး စိုက်ထုတ်မှုများအား လေးစားတန်ဖိုးထားရန် အရေးကြီးသည်။

**ပြောင်းလွယ်ပြင်လွယ်ရှိမှု**

- အခြေအနေတစ်ခုစီကို လိုက်လျောညီထွေစွာပြောင်းလွယ် ပြင်လွယ်သည့် ပုံစံနှင့် တုံ့ပြန်ရန် အရေးကြီးသည်။ လက်ခံထားသည့် အကောင်းဆုံးအလေ့အကျင့်များနှင့်အညီ လုပ်ကိုင်ရန်နှင့် အစဉ်မပြတ် လိုက်လျောညီထွေမှု ရှိစေရန် ကြိုတင်ပြင်ဆင်ထားရန် အရေးကြီးသည်။

# အင်တာဗျူးခံသူ၏ လုံခြုံရေး

- အင်တာဗျူးခံသူ၏ လုံခြုံရေးသည် အရေးအကြီးဆုံးဖြစ်သည်။ ထို့ကြောင့် ၎င်းတို့အား သီးသန့်လျှို့ဝှက်စွာ အင်တာဗျူးရန်အရေးကြီးသည်။

- ၎င်းတို့၏လုံခြုံရေးသည် "အန္တရာယ်မဖြစ်စေရ" ဟူသော စည်းမျဉ်းသဘောတရားနှင့် တိုက်ရိုက်ဆက်စပ်နေသည်။

- ရပ်ရွာမှ သင်ပြန်လည်ထွက်ခွာပြီးနောက် ၎င်းတို့အား အကြမ်းဖက်ခံရမှု (သို့မဟုတ်) ခြိမ်းခြောက်မှု မရှိစေရန်နှင့် လုံခြုံမှု ရှိ၊မရှိသေချာစေရန် ရပ်ရွာနေသူများနှင့် ပြန်လည်စီစစ်ခြင်းအား သင်လုပ်ဆောင်နိုင်လျှင် ကောင်းမွန်သော လုပ်ရပ်ဖြစ်သည်။

- အစီရင်ခံစာ(report) ရေးနေစဉ်တွင် သင်အင်တာဗျူးလုပ်ခဲ့သော လူပုဂ္ဂိုလ်များ၏ အမည်များကို ထုတ်ဖော်မရေးသားသင့်ပေ။

# ကိုယ်ပိုင်လုံခြုံရေး

- သင်၏ လုံခြုံရေးကိုလည်း သေချာအောင်လုပ်ဆောင်ထားသင့်သည်။ ကွင်းဆင်းသုတေသန လုပ်မည့်နေရာသို့ မသွားမီ သင်၏ လုပ်ဖော်ကိုင်ဖက်များနှင့် သင်ရင်ဆိုင်ကြုံတွေ့ရနိုင်ဖွယ်ရှိသည့် မည်သည့်လုံခြုံရေး ကိစ္စများကိုမဆို ဆွေးနွေးထားသင့်သည်။

- သင်သုတေသနလုပ်မည့်နေရာ၊ သုံးစွဲမည့် mobile ဖုန်းနံပါတ်မှာ သင်၏ရုံးမှ လုပ်ဖော်ကိုင်ဖက်များ ထံတွင် ရှိနေစေရန် လုပ်ဆောင်ထားသင့်သည်။

- ဖြစ်နိုင်လျှင် တရက်တာ သုတေသနလုပ်ငန်းအပြီးတွင် SMS (သို့မဟုတ်) အီးမေးလ်ဖြင့် သင်၏ ရုံးနှင့် အမြဲ အဆက်အသွယ်ရှိထားသင့်သည်။

# သတင်းအချက်အလက်လုံခြုံရေး

- သင်ကွင်းဆင်းသုတေသနပြုလုပ်ကာ မှတ်တမ်းတင်ထားသော သတင်းအချက်အလက်များ အားလုံးကို လုံခြုံစိတ်ချရသော နေရာတွင် ထိန်းသိမ်းထားရန် အရေးကြီးသည်။

- သတင်းအားမည်သို့မှတ်တမ်းတင်ထားသည်ဖြစ်စေ အားလုံးလုံခြုံစွာ ထိန်းသိမ်းထားရမည်။

- သင်ကွင်းဆင်းသုတေသနလုပ်နေသည့် နေရာတွင်ရှိနေစဉ်အတွင်း သင်၏ လက်ရေးမှုမှတ်တမ်းများ၊ အသံသွင်းကိရိယာ၊ ကင်မရာ၊ ဖုန်းနှင့် လက်(ပ်)တော့များကို သင်နဲ့အတူ တချိန်လုံးထိန်းသိမ်းထားသင့်သည်။

- သင်၏အဖွဲ့အစည်းမှ မဟုတ်ဘဲ မည်သူတစ်ဦးတစ်ယောက်ကိုမှ ဤသတင်းအချက်အလက်များအား မမျှဝေသင့်ပေ။

- သင်ရုံးသို့ပြန်ရောက်ချိန်တွင်လည်း သင်၏သတင်းအချက်အလက်များကို လုံခြုံသောနေရာတွင် ထိန်းသိမ်းထားရမည်။